# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

## e-NEWSLETTER

VOL.4, N0.1
JANUARY 2025


## (၇၆) နှစ်မြောက်အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့အခမ်းအနားကျင်းပရာ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာ စကားပြောကြား





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၇၆) နှစ်မြောက် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်

ဒီဇင်ဘာလ ၁၀ ရက်

(၇၆) နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့အခမ်းအနားကို ၁၀-၁၂-၂၀၂၄ ရက်နေ့တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁ ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။


အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီ အဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တပ်မတော် အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်မှ တာဝန်ရှိသူများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ ဖိတ်ကြားထားသူများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

စာ ၇



နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ၌ ဖွင့်လှစ်လျက်ရှိသော သင်တန်းတွင် လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာ သွားရောက်ပို့ချ

စာ ၈



တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဗထူး) ၌ သင်ခန်းစာပို့ချ

စာ ၉



ကော်မရှင်မှ အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်း (ရန်ကုန်) အား ကြည့်ရှုစစ်ဆေးခြင်း

စာ ၉




တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဘုရင့်နောင်) ၌ သင်ခန်းစာပို့ချ

စာ ၁၄



သက်ကြီးရွယ်အိုများနေ့ပိုင်းစောင့်ရှောက်ရေးဂေဟာတွင် သင်ခန်းစာသွားရောက်ပို့ချ





ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ယနေ့ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့သည် ကုလသမဂ္ဂအထွေထွေညီလာခံက ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းကို အတည်ပြုထုတ်ပြန်ကြေညာခဲ့သည့် (၇၆) နှစ် ပြည့်မြောက်သည့်နေ့ဖြစ်ကြောင်း၊ ယင်းနေ့ကို ဂုဏ်ပြုသတိမှတ်သည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး နေ့သည်လည်း (၇၆) နှစ်မြောက် အခါသမယကို ရောက်ရှိလာပြီဖြစ်ကြောင်း။

မိမိတို့ မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ လွတ်လပ်ရေးရပြီး ယင်းနှစ် ဒီဇင်ဘာလ ၁၀ ရက်နေ့ တွင် ကုလသမဂ္ဂအထွေထွေညီလာခံက အတည်ပြုထုတ် ပြန်ခဲ့သည့် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း (Universal Declaration of Human Rights) ကိုအတည်ပြုနိုင်ရေး မြန်မာနိုင်ငံကထောက်ခံမဲပေးခဲ့ကြောင်း၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းကို ၁၉၄၆ ခုနှစ်တွင် စတင်ရေးဆွဲခဲ့ကြပြီး (၂) နှစ်အကြာ ၁၉၄၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့၌ အတည်ပြုထုတ်ပြန်နိုင်ခဲ့ခြင်း ဖြစ်ကြောင်း။

မိမိတို့ မြန်မာနိုင်ငံသည် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းကို ထောက်ခံအတည်ပြုခဲ့ရုံသာမက နိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင်လည်း နိုင်ငံသူ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များကို ထည့်သွင်းဖော်ပြထားကြောင်း၊ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းပါ အရေးကြီးသည့် လူ့အခွင့်အရေးစံများ ကို လိုက်လျောညီထွေစွာ ထည့်သွင်းပြဋ္ဌာန်းပေးထား သည်ကို တွေ့ရှိနိုင်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ နိုင်ငံတော်သီချင်းတွင်လည်း တရားမျှတခြင်း၊ လွတ်လပ် ခြင်းနှင့်ညီမျှခြင်းဟူသည့် လူ့အခွင့်အရေးစံများ ဖော်ညွှန်း ပါဝင်သည်ကိုတွေ့နိုင်ကြောင်း၊ ယင်းအချက်များသည် မြန်မာနိုင်ငံသည် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းကို အသိအမှတ်ပြု အလေးထားသော ထင်ရှားသည့်ဝိသေသ လက္ခဏာများဖြစ်ကြောင်း။

နိုင်ငံတစ်နိုင်ငံ တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုး တက်ရန်အတွက် တိုင်းရင်းသားပြည်သူများအကြား လူ့အခွင့်အရေးများကို ရရှိခံစားစေခွင့်ထိန်းလိုက်နာကြ ရန်လိုအပ်ကြောင်း၊ ထို့ကြောင့်လည်း နိုင်ငံတော်အနေဖြင့် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးသဘောတူစာချုပ် များတွင် အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်ထားပြီး နိုင်ငံအဆင့် အစီရင်ခံစာများတင်သွင်းခြင်းနှင့် ကမ္ဘာ့နိုင်ငံအားလုံး၏ လူ့အခွင့်အရေးအခြေအနေကို ပုံမှန်သုံးသပ်သည့်လုပ်ငန်း စဉ် (Universal Periodic Review – UPR) တို့တွင် ပါဝင် ဆောင်ရွက်လျက်ရှိကြောင်း။

ထို့အပြင် နိုင်ငံသားများ၏ လူ့အခွင့်အရေး ပိုမို မြှင့်တင်ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို ၂၀၁၄ ခုနှစ်တွင် ဥပဒေပြဋ္ဌာန်းပြီး ဖွဲ့စည်းတည်ထောင် ထားခဲ့ခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံ လူ့အခွင့်အရေး ကော်မရှင်အနေဖြင့်လည်း လူ့အခွင့်အရေးမြှင့်တင်ခြင်း၊ ကာကွယ်ခြင်းတို့ကို လေးစားလိုက်နာကျင့်သုံးသည့် လူ့အဖွဲ့အစည်းတစ်ရပ် ထွက်ပေါ်လာစေရေး ရည်မှန်း ချက်၊ လုပ်ငန်းတာဝန်များ ချမှတ်ဆောင်ရွက်လျက်ရှိ ကြောင်း။

မိမိတို့အနေဖြင့် နိုင်ငံအတွင်းမှီတင်းနေထိုင်ကြ သည့် တိုင်းရင်းသားပြည်သူများ၏ အခွင့်အရေးများ တန်းတူညီမျှရေးနှင့် အမျိုးသားစည်းလုံးညီညွတ်ရေးကို ကြိုးပမ်းအကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သည့် ပြည်တွင်း ငြိမ်းချမ်းရေးရရှိရေးအတွက် အစွမ်းကုန်ကြိုးပမ်းဆောင် ရွက်လျက်ရှိကြောင်း၊ အလားတူ တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးက လိုလားတောင့်တသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုဖြစ်ပေါ်

လာစေရေးအတွက် နိုင်ငံတော်အနေဖြင့်လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေး ကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးကို အလေးထား ဆောင်ရွက်လျက်ရှိကြောင်း။

ပြည်သူအားလုံးကလိုလားသည့်ပါတီစုံဒီမို ကရေစီလမ်းကြောင်းကို မလွဲမသွေ ရှေ့ဆက်လျှောက် လှမ်းရမည်ဖြစ်သည့်အတွက် လွတ်လပ်ပြီးတရားမျှတ သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကို မဖြစ်မနေအောင်မြင်စွာကျင်းပပေးသွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲ ကျင်းပနိုင်ရေးလိုအပ်မည့် တည်ငြိမ် အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကို ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင် ရွက်သွားမည်ဖြစ်ကြောင်း။

နိုင်ငံအတွင်းတည်ငြိမ်အေးချမ်းမှုပျက်ပြား အောင် လုပ်ဆောင်နေခြင်းများသည် တိုင်းရင်းသား ပြည်သူများရရှိမည့် လွတ်လပ်ခွင့်နှင့် လူ့အခွင့်အရေး များကို ပျက်ပြားအောင်ဖျက်ဆီးနေခြင်းပင်ဖြစ်ကြောင်း၊ တိုင်းရင်းသားပြည်သူများ၏လူ့အခွင့်အရေးများကို လက်နက်ကိုင် အကြမ်းဖက်သည့် နည်းလမ်းများဖြင့် ချိုးဖောက်နေကြခြင်းပင်ဖြစ်ကြောင်း၊ ထို့ကြောင့် တိုင်းရင်းသားလူမျိုးများ တန်းတူအခွင့်အရေးရရှိရန်နှင့် အေးချမ်းသာယာဝပြောစွာ နေထိုင်နိုင်ကြရန်အတွက် စည်းလုံးညီညွတ်ကြပြီး အဖျက်အမှောင့်လုပ်ရပ်များကို တိုင်းရင်းသားပြည်သူအားလုံးက လက်တွဲဆန့်ကျင် တိုက်ဖျက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

၂၀၂၄ ခုနှစ်၊ (၇၆) နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး နေ့အတွက်ကုလသမဂ္ဂ၏ ဆောင်ပုဒ်မှာ "Our Rights, Our Future, Right Now." "တို့အခွင့်အရေး၊ တို့အနာဂတ်၊ ယခုကစလို့ ဆောင်ကြဉ်းအပ်"ဖြစ်ကြောင်း၊ လူ့အခွင့်အရေးများကို စည်းကမ်းစနစ်နှင့်အညီ လိုက်နာ ကျင့်သုံးကြခြင်းဖြင့် ပိုမိုကောင်းမွန်သည့်အနာဂတ်ကို ဖန်တီးတည်ဆောက်ကြရမည်ဖြစ်ကြောင်း၊ ယနေ့ခေတ် ကမ္ဘာကြီးတွင် မငြိမ်သက်မှုနှင့် ပဋိပက္ခများအပါအဝင် အခက်အခဲပေါင်းများစွာနှင့် ရင်ဆိုင်နေကြရကြောင်း၊ ယင်းအခက်အခဲများကို ကျော်လွှားလွန်မြောက်ရန်နှင့် ငြိမ်းချမ်းသာယာဝပြောပြီး တရားဥပဒေစိုးမိုးသည့် လောကတည်ဆောက်ရန်အတွက် စည်းကမ်းစနစ်ကျန မှုရှိသည့် လူ့အခွင့်အရေးလိုက်နာဆောင်ရွက်မှုများက ပံ့ပိုးဖော်ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း၊ တန်းတူညီမျှမှု မရှိသည့်၊ ခွဲခြားဆက်ဆံသည့် စနစ်ပုံစံများသည် လူ့အခွင့် အရေးစံများနှင့် ဆန့်ကျင်ဘက် ဖြစ်ကြောင်း။

တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးရေးကို ထိပါးပျက်ပြားစေသည့် အမုန်းစကားများ၊ သတင်းမှား များ၊ လုပ်ကြံသတင်းများကို တန်ပြန်ဖယ်ရှားပြီး မျှတ မှန်ကန်မှုရှိသည့်၊ စည်းစနစ်ကျသည့် အခွင့်အရေးများ ကို ဖော်ဆောင်ကြရမည်ဖြစ်ကြောင်း၊ ထိုသို့ဖော်ဆောင်မှ သာလျှင် လူ့အခွင့်အရေးဆိုသည်မှာ ငြိမ်းချမ်းပြီးတန်းတူ ညီမျှသည့် ကမ္ဘာကြီးအတွက် အခြေခံကျသည့်ခွန်အား အဖြစ် ရောက်ရှိလာမည်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်၊ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံ ဖြစ်ပေါ်လာရေးအတွက် ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ် (၅) ရပ်နှင့် ဦးတည်ချက် (၉) ရပ်ပါအတိုင်း ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ငြိမ်းချမ်းသာယာမှုနှင့်လူမှုစီးပွားဘဝဖွံ့ဖြိုး တိုးတက်ပြီး လူ့အခွင့်အရေးစံနှုန်းမြင့်မားသည့် နိုင်ငံ ဖြစ်လာရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး အနေဖြင့်လည်း နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲ ပူးပေါင်း ဆောင်ရွက်သွားကြပါရန် တိုက်တွန်းမှာကြားလို ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်က လုပ်ငန်းအကောင် အထည်ဖော်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြပြီး ဒုတိယဥက္ကဋ္ဌ ဒေါက်တာနန္ဒာမွန်းက ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ သဝဏ်လွှာကို ဖတ် ကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက် ရောက်လာကြသူများသည် (၇၆) နှစ်မြောက် အပြည်ပြည် ဆိုင်ရာလူ့အခွင့်အရေးနေ့အထိမ်းအမှတ် Video Clip ကို ကြည့်ရှုကြသည်။

၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ထံ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်ရေးကော်မရှင်ဥက္ကဋ္ဌက (၇၆) နှစ်မြောက် အပြည် ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ အထိမ်းအမှတ်တံဆိပ် အား ဂါရဝပြုပေးအပ်သည်။

ယင်းနောက် သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနမှ အနုပညာရှင်များက



လူ့အခွင့်အရေးကော်မရှင်သီချင်းဖြင့် သရုပ်ဖော် ကပြဖျော်ဖြေကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ပညာပေးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုခဲ့ကြပါသည်။

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သတင်းထုတ်ပြန်ချက်အမှတ် (၁၁/ ၂၀၂၄)

ဒီဇင်ဘာလ ၃ ရက်

၁။ ကမ္ဘာပေါ်တွင် လူဦးရေသန်းပေါင်း ၈၀၀၀ ကျော်ရှိသည့်အနက် သန်းပေါင်း ၁၀၀၀ ကျော်သည် မသန်စွမ်းသူစာရင်းတွင် ပါဝင်နေပါသည်။ ထိုမျှသော မသန်စွမ်းသူများ၏အခန်းကဏ္ဍကို ပိုမို သိရှိနားလည်စေရေးနှင့် ၎င်းတို့၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက် မြှင့်တင်ပေးနိုင်ရန် မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ အခြေခံမူများကို ၁၉၉၂ ခုနှစ် (၄၇) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ ဆုံးဖြတ်ချက်အပိုဒ် (၄၇/၃) ဖြင့် အတည်ပြုချမှတ်ခဲ့ပြီး နှစ်စဉ် ဒီဇင်ဘာလ ၃ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အဖြစ် သတ်မှတ်ခဲ့ပါသည်။

၂။ ကုလသမဂ္ဂက ၂၀၀၆ ခုနှစ်တွင် မသန်စွမ်းသူများ၏အခွင့်အရေးများကို ပိုမိုကာကွယ်ဆောင်ရွက်ပေးနိုင်ရန် မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ် (Convention on the Rights of Persons with Disabilities-CRPD) ကို ချမှတ်အတည်ပြုပေးခဲ့ရာ ကမ္ဘာ့နိုင်ငံပေါင်း ၁၉၀ ကျော်က ပါဝင်လက်မှတ်ရေးထိုးပြီး ဖြစ်ပါသည်။ မြန်မာနိုင်ငံကလည်း ထိုသဘောတူစာချုပ်ကို ၂၀၁၁ ခုနှစ်တွင် အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်အတည်ပြုချုပ်ဆိုထားပါသည်။ ထို့အပြင် နိုင်ငံတော်အတွင်းရှိ မသန်စွမ်းသူများ၏အခွင့်အရေးများကို ပိုမိုပြည့်ဝစွာ ရရှိခံစားနိုင်စေရန်နှင့် ပိုမို၍ ကြည့်ရှုစောင့်ရှောက်နိုင်ရန်အတွက် ၂၀၁၅ ခုနှစ်တွင် မသန်စွမ်းသူများ၏အခွင့်အရေးဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး ၂၀၁၇ ခုနှစ်တွင် မသန်စွမ်းသူများ၏အခွင့်အရေးနည်းဥပဒေကို ထုတ်ပြန်ပေးခဲ့ပါသည်။ မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ နိုင်ငံတော်အဆင့် အမျိုးသားကော်မတီ ဖွဲ့စည်းဆောင်ရွက်ခြင်းနှင့် မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ မဟာဗျူဟာ (၅) နှစ်စီမံကိန်း (၂၀၂၂-၂၀၂၇) ရေးဆွဲ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရပါသည်။

၃။ ယခုအခါ ကမ္ဘာတစ်ဝှမ်းတွင် မသန်စွမ်းသူအရေအတွက် မြင့်တက်လာသည်နှင့်အမျှ မသန်စွမ်းသူများအပေါ်ထားရှိသည့် စိတ်နေသဘောထားများကို ပြုပြင်ပြောင်းလဲလျက် ရုပ်ဝတ္ထု အတားအဆီးများကို လျှော့ချပေးခြင်းဖြင့် မသန်စွမ်းသူများသည် ကဏ္ဍအသီးသီးတွင် ပါဝင်ဆောင်ရွက်ခွင့် ရရှိကာ အခြားသူများနည်းတူ အမှီအခိုကင်းစွာ ဘဝဖွံ့ဖြိုးတိုးတက်ရှင်သန်နိုင်မည် ဖြစ်ပါသည်။ ယခုနှစ်တွင်လည်း ကုလသမဂ္ဂက အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ဆောင်ပုဒ်အဖြစ် "အနာဂတ် မှာ အားလုံး ရေရှည်တည်တံ့ရေး မသန်စွမ်းသူများ ခေါင်းဆောင်နိုင်မှု မြှင့်တင်ပေး" "Amplifying the leadership of persons with disabilities for an inclusive and sustainable future" ဟူ၍ ချမှတ်ထားပါသည်။

၄။ ကမ္ဘာလုံးဆိုင်ရာစဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များ၂၀၃၀အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်မသန်စွမ်းသူများ၏အခန်းကဏ္ဍကို အထူးအလေးပေးဖော်ပြထားသည့်အလျောက် ယခုနှစ် ဆောင်ပုဒ်နှင့်အညီ မသန်စွမ်းသူ

များ ဦးဆောင်မှုကဏ္ဍတွင် ပါဝင်ဆောင်ရွက်လာနိုင်ရေး အားပေးဖော်ဆောင်ကြပါရန် ဒီဇင်ဘာလ ၃ ရက်နေ့တွင် ကျရောက်သည့် (၃၂) နှစ်မြောက် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အား ဂုဏ်ပြုလျက် တိုက်တွန်းဖော်ပြအပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သတင်းထုတ်ပြန်ချက်အမှတ် (၁၂/ ၂၀၂၄)

ဒီဇင်ဘာလ ၁၀ ရက်

၁။ လူသားအားလုံးအတွက် လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များကို ထည့်သွင်းဖော်ပြ ထားသော ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းကို ကုလသမဂ္ဂက ၁၉၄၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပြီး ထိုနေ့ကို အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့အဖြစ် သတ်မှတ်ခဲ့သည်မှာ ယနေ့တွင် (၇၆) နှစ် ပြည့်မြောက်ခဲ့ပြီ ဖြစ်ပါသည်။

၂။ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း အတည်ပြုထုတ်ပြန်ခဲ့သည့်အချိန်မှစ၍ ကမ္ဘာ့နိုင်ငံ များတွင် နိုင်ငံသားများ၏ လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များကို မြှင့်တင်ကာကွယ်ရန် ကြိုးပမ်းခဲ့ကြပါသည်။ မြန်မာနိုင်ငံသည် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း အတည်ပြုချမှတ်ချိန်တွင် ပါဝင်ထောက်ခံခဲ့ရုံသာမက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်တွင်းဥပဒေများတွင် လည်း ကြေညာစာတမ်းပါ လူ့အခွင့်အရေးစံများကို လိုက်လျောညီထွေစွာ ထည့်သွင်းပြဋ္ဌာန်းထားပါသည်။ ထို့ပြင် အဓိက အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး သဘောတူစာချုပ်ကြီးများအနက် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်နှင့် နောက်ဆက်တွဲစာချုပ် (၂) ခု၊ အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှု ပပျောက်ရေးဆိုင်ရာ သဘောတူစာချုပ်နှင့် မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်တို့တွင် အဖွဲ့ဝင်အဖြစ် ပါဝင်ချုပ်ဆိုထားပါသည်။

၃။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိရာ ၂၀၂၄ ခုနှစ် တစ်နှစ်တာအတွင်း လူ့အခွင့်အရေး အသိပညာပေး ဆွေးနွေးဟောပြောပွဲများနှင့် သင်ခန်းစာပို့ချမှုများ စုစုပေါင်း (၆၃) ကြိမ် ပြုလုပ်နိုင်ခဲ့ပြီး သင်တန်းသားပေါင်း (၈၃၉၁) ဦးကို အသိပညာမျှဝေပေးနိုင်ခဲ့ပါသည်။ လူ့အခွင့်အရေး ဖောက်ဖျက်ခံရသည်ဆိုသော တိုင်တန်းချက် (၂၁၄) စောင်ကို စိစစ်ဆောင်ရွက်ခြင်း၊ အကျဉ်းထောင်/ အချုပ်ထောင် (၁၀) ခု၊ အကျဉ်းစခန်း (၁၂) ခု၊ ရဲစခန်းအချုပ်ခန်း (၁၈) ခု၊ တရားရုံးအချုပ်ခန်း (၁၅) ခု၊ ဘိုးဘွားရိပ်သာ (၁၀) ခု၊ အမျိုးသမီး သက်မွေးသင်တန်းကျောင်း (၃) ကျောင်း၊ မသန်စွမ်းသက်ငယ်သင်တန်းကျောင်း (၁) ကျောင်းနှင့် လူငယ်သင်တန်းကျောင်း (၅) ကျောင်းတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးမှုများ ပြုလုပ်ကာ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ အကြံပြုချက်ပေါင်း (၂၉၃) ချက်ကို သက်ဆိုင်ရာဝန်ကြီးဌာန/ အဖွဲ့အစည်းများသို့ ပေးပို့ခဲ့ပါသည်။ တည်ဆဲဥပဒေ၊ အဆိုပြုထားသော ဥပဒေကြမ်းများနှင့် စပ်လျဉ်း၍ လူ့အခွင့်အရေးဆိုင်ရာ ဥပဒေအကြံပြုစာ (၆) စောင် ပေးပို့ခြင်း၊ အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှု ပပျောက်ရေးဆိုင်ရာ သဘောတူစာချုပ် (Convention on the Elimination of all forms of Discrimination against Women – CEDAW) နှင့် မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာသဘောတူစာချုပ် (Convention on the Rights of Persons with Disabilities – CRPD) တို့ကို ဘာသာပြန်ဆို ပုံနှိပ်ခြင်းနှင့် လူ့အခွင့်အရေးနှင့်စပ်လျဉ်းသည့် နိုင်ငံတကာနှင့် ဒေသဆိုင်ရာအစည်းအဝေးများသို့ (၂၈) ကြိမ် ပါဝင်တက်ရောက်ခြင်းတို့ ဆောင်ရွက်နိုင် ခဲ့ပါသည်။ ထို့ပြင် လူ့အခွင့်အရေးနှင့်စပ်လျဉ်းသည့် အများပြည်သူသို့ သတင်းထုတ်ပြန်ချက် (၁၂) စောင်နှင့် ကော်မရှင်၏ လုပ်ငန်းဆောင်ရွက်မှု သတင်းဖော်ပြချက် (၁၀၃) ခုကို ထုတ်ပြန်ခဲ့ပါသည်။

၄။ ၂၀၂၄ ခုနှစ်တွင်ကျရောက်သော(၇၆)နှစ်မြောက်အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့အတွက်ကုလသမဂ္ဂက ချမှတ်သည့် ဆောင်ပုဒ်မှာ "ဒို့အခွင့်အရေး၊ ဒို့အနာဂတ်၊ ယခုကစလို့ ဆောင်ကြဉ်းအပ်" **"Our Rights, Our Future, Right Now"** ဖြစ်ပါသည်။

၅။ တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးကာ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ပြီး သာယာဝပြောသော နိုင်ငံတော်ကို တည်ဆောက်ရာတွင် ပြည်သူတစ်ရပ်လုံးက လူ့အခွင့်အရေးကို လေးစား လိုက်နာကျင့်သုံးခြင်းဖြင့် ပိုမို ကောင်းမွန်သော အနာဂတ်ကို ဖန်တီးတည်ဆောက်ကြရန် ယနေ့ကျ ရောက်သော အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေး နေ့ကို ဂုဏ်ပြုလျက် တိုက်တွန်းအပ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

## ကော်မရှင်အုပ်ချုပ်မှုစီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေးကျင်းပခြင်း



ဒီဇင်ဘာလ ၄ ရက်

ကော်မရှင်၏ အုပ်ချုပ်မှု စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေး အမှတ်စဉ် (၁၂/၂၀၂၄) ကို ၄-၁၂-၂၀၂၄ ရက်နေ့တွင် ကျင်းပခဲ့ရာ ကော်မရှင် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ကော်မရှင်အုပ်ချုပ်မှု စီမံခန့်ခွဲရေး ကော်မတီက တာဝန်ပေးအပ်သည့် အလှည့်ကျ ကော်မရှင်အဖွဲ့ဝင်များဖြစ်သည့် ကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုး၊ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာတင်မောင်မောင်သန်း၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး အထူးဖိတ်ကြားထားသည့် ကော်မရှင်အဖွဲ့ဝင် ဒေါ်နုနုယဉ်နှင့် ကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့်တို့မှလည်း အဆိုပါအစည်းအဝေးအား တက်ရောက်ခဲ့ကြပါသည်။

## ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်းများ ရေးဆွဲတင်ပြနိုင်ရေး ညှိနှိုင်းအစည်းအဝေးပြုလုပ်ခြင်း

ဒီဇင်ဘာလ ၅ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ ၂၀၂၅ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ ၂၀၂၆ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိဖြစ်သည့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေ စာရင်းများ ရေးဆွဲတင်ပြနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ၅-၁၂-၂၀၂၄ ရက်နေ့ ၁၀:၀၀ နာရီအချိန် ကော်မရှင်ရုံးအစည်းအဝေးခန်းမတွင် ကျင်းပရာ ကော်မရှင်အုပ်ချုပ်မှု စီမံခန့်ခွဲရေး ကော်မတီ အလှည့်ကျ အဖွဲ့ဝင်များဖြစ်ကြသည့် ကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုး နှင့် ဒေါက်တာတင်မောင်မောင်သန်း၊ ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးဘုန်းကြွယ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ခိုင်ခိုင်ဝင်း၊ ဌာနတာဝန်ခံများနှင့် ဘဏ္ဍာရေးဌာနခွဲမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။



## ကော်မရှင်ရုံးမီးဘေးအန္တရာယ် ကင်းရှင်းရေးနှင့် လျှပ်စစ်မီးများလေလွင့်မှုမရှိစေရေး ကော်မရှင်ရုံးတွင်း လိုက်လံကြည့်ရှုစစ်ဆေးခြင်း

ဒီဇင်ဘာလ ၅ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံးမှညွှန်ကြားရေးမှူးချုပ်ဦးဘုန်းကြွယ်သည်၅-၁၂-၂၀၂၄ ရက်နေ့ ၁၀:၀၀ နာရီအချိန်၊ လုံခြုံရေးနှင့် စည်းကမ်း



ထိန်းသိမ်းရေးအဖွဲ့ဝင်များနှင့်အတူ ကော်မရှင်ရုံးတွင်း မီးဘေးအန္တရာယ် ကင်းရှင်းရေးနှင့် လျှပ်စစ်မီးအသုံးပြုမှုများ လေလွင့်မှု မရှိစေရေး၊ ကော်မရှင်ရုံးအတွင်း အဆောက်အဦများ သက်တမ်းကြာရှည်စွာ အသုံးပြုနိုင်ရေး အတွက် အမျိုးသားအဆောင်၊ အမျိုးသမီးအဆောင်၊ စားချက်ဆောင်များ၊ အဆောက်အဦ အမှတ်(၂)၊ (၂) ထပ်ဆောင်နှင့် ဌာန (၆) ခုတို့ကို အသေးစိတ် လိုက်လံစစ်ဆေးခဲ့ပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ပါသည်။

## တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့နှင့် အဖွဲ့ ခွဲများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး တက်ရောက်ခြင်း

ဒီဇင်ဘာလ ၇ ရက်

ဥပဒေရေးရာဝန်ကြီးဌာန၏ ဖိတ်ကြားချက်အရ ၇-၁၂-၂၀၂၄ ရက်နေ့တွင် နေပြည်တော်၌ ကျင်းပပြုလုပ်ခဲ့သည့် "တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုဆိုင်ရာ လုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့နှင့် အဖွဲ့ခွဲများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး" သို့ ကော်မရှင် အဖွဲ့ဝင် ဒေါ်နုနုယဉ် တက်ရောက်ခဲ့ပါသည်။

## နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ၌ ဖွင့်လှစ်လျက်ရှိသော သင်တန်းတွင် လူ့အခွင့်အရေး ဆိုင်ရာ သင်ခန်းစာ သွားရောက်ပို့ချ

ဒီဇင်ဘာလ ၁၁ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ကော်မရှင်ဥပဒေပုဒ်မ ၂၂(က)ပါပြဋ္ဌာန်းချက်များနှင့်အညီ အများပြည်သူ၏ လူ့အခွင့်အရေးအသိပညာ မြင့်မားလာစေရေးအတွက် သတင်းအချက်အလက်များ ဖြန့်ချိခြင်း၊ ပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ၌ ဖွင့်လှစ်လျက်ရှိသော အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ် (၁၀၈) တွင် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ဘာသာရပ်နှင့် စပ်လျဉ်းပြီး မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းက ၁၁-၁၂-၂၀၂၄ ရက်နေ့၊ ၀၈:၀၀ နာရီအချိန်မှ ၁၁:၂၀ နာရီအချိန်ထိ သင်ခန်းစာ သွားရောက်ပို့ချခဲ့ပါသည်။ သင်တန်းသို့ ဆရာ၊ ဆရာမဦးရေ စုစုပေါင်း ၃၉၄ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းသူ/ သားများမှ သိရှိလိုသည့်မေးခွန်းများကို မေးမြန်းကြရာ ပို့ချသူအရာရှိက ပြန်လည်ဖြေကြားခဲ့ပါသည်။



## အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ စုံစမ်းစစ်ဆေးမှု အတတ်ပညာသင်ကျောင်း (တောင်ဥက္ကလာ) ၌ သင်ခန်းစာ သွားရောက်ပို့ချ


ဒီဇင်ဘာလ ၁၇ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်သည် ကော်မရှင်ဥပဒေပုဒ်မ ၂၂ (က) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အများပြည်သူ၏ လူ့အခွင့်အရေး အသိပညာ မြင့်မားလာစေရေးအတွက် သတင်းအချက်အလက်များ ဖြန့်ချိခြင်း၊ ပညာပေးခြင်းလုပ်ငန်းများကို

ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်သည် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ စုံစမ်းစစ်ဆေးမှုအတတ်ပညာသင်ကျောင်း (တောင်ငူ) ၌ ဖွင့်လှစ် လျက်ရှိသော ဦးစီးအရာရှိ (စုံစမ်းရေး) လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်းအမှတ်စဉ် (၉) သို့ ၁၇-၁၂-၂၀၂၄ ရက်နေ့၊ ၁၃:၀၀ နာရီမှ ၁၅:၅၀ နာရီအချိန်ထိ လူ့အခွင့်အရေးစံတန်ဖိုးများ ဘာသာရပ် သင်ခန်းစာ သွားရောက်ပို့ချခဲ့ပါသည်။ သင်တန်းတွင် သင်တန်းသားဦးရေ ၂၀ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းသားများမှ သိရှိလိုသည့်မေးခွန်းများကို မေးမြန်းကြရာ ပို့ချသူအရာရှိက ပြန်လည်ဖြေကြားခဲ့ပါသည်။

## တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဗထူး) ၌ သင်ခန်းစာပို့ချ




### ဒီဇင်ဘာလ ၁၈ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ကော်မရှင်ဥပဒေပုဒ်မ ၂၂ (က) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အများပြည်သူ၏ လူ့အခွင့်အရေးအသိပညာမြင့်မားလာစေရေးအတွက် သတင်းအချက်အလက်များ ဖြန့်ချိခြင်း၊ ပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်နှင့် ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးတို့သည် တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဗထူး) တွင် ဖွင့်လှစ်လျက်ရှိသော ခြေလျင်တပ်ရင်းမှူးသင်တန်းအမှတ်စဉ် (၁၂၂၊ ၁၂၃) နှင့် ခြေလျင်တပ်ခွဲမှူးသင်တန်းအမှတ်စဉ် (၂၂၆) တို့သို့ ၁၈-၁၂-၂၀၂၄ ရက်နေ့ ၁၂:၀၀ နာရီမှ ၁၅:၀၀ နာရီအချိန်အထိ လူ့အခွင့်အရေးဆိုင်ရာ ဘာသာရပ်သင်ခန်းစာများအား Video Conferencing System ဖြင့် ပို့ချခဲ့ပါသည်။အဆိုပါသင်တန်းတွင်ကော်မရှင်အဖွဲ့ဝင်ဒေါက်တာသန်းမြင့်က လူ့အခွင့်အရေးအခြေခံအယူအဆများအကြောင်း၊ ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးက ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းအကြောင်း၊ အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးစာချုပ်ကြီး (၉) ခုအကြောင်းနှင့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့် အရေးကော်မရှင် ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များအကြောင်း စသည့်ဘာသာရပ်သင်ခန်းစာများ ပို့ချခဲ့ပါသည်။ ခြေလျင်တပ်ရင်းမှူးသင်တန်းအမှတ်စဉ် (၁၂၂၊ ၁၂၃) ၌ သင်တန်းသားဦးရေ ၁၂၀ ဦးနှင့် ခြေလျင်တပ်ခွဲမှူးသင်တန်းအမှတ်စဉ် (၂၂၆) ၌ သင်တန်းသားဦးရေ ၈၉ ဦး၊ စုစုပေါင်း သင်တန်းသားဦးရေ ၂၀၉ ဦး တက်ရောက်ခဲ့ကြပါသည်။

SUSTAINABLE DEVELOPMENT GOALS

၃ ကောင်းမွန်သောကျန်းမာရေး စောင့်ရှောက်မှု ရရှိရေး

စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်များ

Goal (3) Good Health and Well-Being

ပန်းတိုင် (၃) သက်ရွယ်မရွေး လူတိုင်းစေ့ ကျန်းမာရေးနှင့် သာယာဝပြောရေး

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်း (ရန်ကုန်) အား ကြည့်ရှုစစ်ဆေးခြင်း





ဒီဇင်ဘာလ ၁၉ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုးနှင့် ဦးသန်းဝင်း တို့ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၁၉-၁၂-၂၀၂၄ ရက်နေ့တွင် ကော်မရှင်ဥပဒေ ပုဒ်မ ၄၃၊ ၄၄ ပြဋ္ဌာန်းချက်နှင့်အညီ ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်ရှိ အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်းသို့ သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ကော်မရှင်ဥပဒေပြဋ္ဌာန်းချက်များ၊ ကော်မရှင်ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်းအတွင်း လက်ခံစောင့်ရှောက်သင်ကြားပေးလျက်ရှိသော အမျိုးသမီးများအား ကျန်းမာရေးစောင့်ရှောက်မှု အခြေအနေ၊ အစားအစာကျွေးမွေးမှု အခြေအနေ၊ အိပ်ဆောင်များထားရှိမှု အခြေအနေ၊ အမျိုးသမီးတကိုယ်ရည်သုံးပစ္စည်းများ လုံလောက်စွာရရှိမှု အခြေအနေ၊ သန့်ရှင်းသော သောက်သုံးရေ ရရှိစေရန် ဆောင်ရွက်ပေးမှုအခြေအနေ၊ ချိုးရေကန်များ သန့်ရှင်းမှုနှင့် ရေလုံလောက်မှု ရှိ မရှိ အခြေအနေတို့အပြင် အကျင့်စာရိတ္တပြုပြင်ပေးခြင်းဖြင့် စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ တိုးတက် ကောင်းမွန်လာစေရေး၊ မိသားစုနှင့် ဆက်သွယ်ခွင့်၊ မိသားစုနှင့် ပြန်လည်ပေါင်းစည်းခွင့်၊ ဘဝလုံခြုံရေးနှင့် အသက်မွေးဝမ်းကျောင်း ပညာသင်ကြားခွင့်၊ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့် စသည့် အခြေခံလူ့အခွင့်အရေးများရရှိအောင် ဆောင်ရွက်ပေးမှုအခြေအနေတို့နှင့် ကော်မရှင်မှ ယခင် လာရောက် စစ်ဆေးခဲ့စဉ်က အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို သင့်လျော်သကဲ့သို့ ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနသို့ ကော်မရှင်ဥပဒေနှင့်အညီ အကြံပြုပေးပို့သွားမည်ဖြစ်ပါသည်။



## တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဘုရင့်နောင်) ၌ သင်ခန်းစာပို့ချ

ဒီဇင်ဘာလ ၁၉ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ကော်မရှင်ဥပဒေပုဒ်မ ၂၂ (က) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အများပြည်သူ၏ လူ့အခွင့်အရေးအသိပညာ




မြင့်မားလာစေရေးအတွက် သတင်းအချက်အလက်များ ဖြန့်ချီခြင်း၊ ပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ အဖွဲ့ဝင် ဒေါက်တာမြင့်သူမြိုင်၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်တို့သည် တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဘုရင့်နောင်) တွင် ဖွင့်လှစ်လျက်ရှိသော ခြေလျင်တပ်ခွဲမှူးသင်တန်းအမှတ်စဉ် (၁၀၅၊ ၁၀၆) သို့ ၁၉-၁၂-၂၀၂၄ ရက်နေ့ ၀၈:၀၀ နာရီမှ ၁၁:၀၀ နာရီ အချိန်အထိ လူ့အခွင့်အရေးဆိုင်ရာ ဘာသာရပ်သင်ခန်းစာများအား Video Conferencing System ဖြင့် ပို့ချခဲ့ပါသည်။ အဆိုပါသင်တန်းတွင် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာမြင့်သူမြိုင်က လူ့အခွင့်အရေးအခြေခံအယူအဆများအကြောင်း၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်က ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းအကြောင်းနှင့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များအကြောင်း စသည့်ဘာသာရပ်သင်ခန်းစာများ ပို့ချခဲ့ပါသည်။ ခြေလျင်တပ်ခွဲမှူးသင်တန်းအမှတ်စဉ် (၁၀၅၊ ၁၀၆) ၌ သင်တန်းသားဦးရေ ၁၆၂ ဦး တက်ရောက်ခဲ့ကြပါသည်။

## ကော်မရှင်ပုံမှန်အစည်းအဝေးကျင်းပခြင်း



ဒီဇင်ဘာလ ၂၀ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ပုံမှန်အစည်းအဝေးအမှတ်စဉ်(၁၂/၂၀၂၄)ကို ၂၀-၁၂-၂၀၂၄ ရက်နေ့တွင် Conference Room ၌ ကျင်းပခဲ့ရာ ကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

## ကော်မရှင်ရုံး ၂၀၂၅ နှစ်သစ်အကြို အခမ်းအနားကျင်းပပြုလုပ်








ဒီဇင်ဘာလ ၂၇ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင်များ၏ ဇနီးများအတူ ကော်မရှင်ရုံး အရာထမ်း/အမှုထမ်းများပါဝင်သည့် ၂၀၂၅ ခုနှစ်၊ နှစ်သစ်အကြိုအခမ်းအနားကို အစီအစဉ် (၂) ပိုင်းခွဲ၍ ကျင်းပခဲ့ပါသည်။ အခမ်းအနားပထမပိုင်းအစီအစဉ်ကို၂၀၂၄ခုနှစ်၊ဒီဇင်ဘာလ၂၇ရက်နေ့ ၁၃:၀၀ နာရီအချိန် ကော်မရှင်ရုံး Conference Room တွင် ကျင်းပပြုလုပ်ရာ ဦးစွာ ကော်မရှင်ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားခဲ့ပြီး ကော်မရှင်ဒုတိယဥက္ကဋ္ဌက

အမှာစကားပြောကြားပါသည်။

အခမ်းအနားအစီအစဉ်အရ ကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်က ဘာသာရပ်ဆိုင်ရာများတွင် အောင်မြင်စွာ စွမ်းဆောင်ခဲ့သော ကော်မရှင်အဖွဲ့ဝင်များအား ကော်မရှင်ဥက္ကဋ္ဌ၏ ဂုဏ်ပြုမှတ်တမ်း လွှာများပေးအပ်ခြင်း၊ ဘာသာရပ်ဆိုင်ရာများတွင် ကျွမ်းကျင်စွာဆောင်ရွက်နိုင်ခဲ့သော ဌာနတာဝန်ခံများနှင့် ရုံးအဖွဲ့များ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌမှ ချီးမြှင့်သည့် စီမံထူးချွန်တံဆိပ် (ဒုတိယဆင့်) ရရှိခဲ့သည့် ဒုတိယ ညွှန်ကြားရေးမှူးချုပ်၊ စီမံထူးချွန်တံဆိပ် (တတိယဆင့်) ရရှိခဲ့သည့် ကော်မရှင်ရုံး ညွှန်ကြားရေးမှူး (၄) ဦးတို့အား ကော်မရှင်ဥက္ကဋ္ဌမှ ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ပါသည်။

အခမ်းအနားအစီအစဉ်အရ ၂၀၂၄ ခုနှစ်၊ လုပ်ငန်းစွမ်းဆောင်ရည် အကောင်းဆုံးဆု ရရှိသူ ဝန်ထမ်း ၃ ဦးအားလည်းကောင်း၊ ၂၀၂၄ ခုနှစ်အတွင်း ခွင့်လုံးဝမယူဘဲ ရုံးတက်ရက်မှန်သည့် ဝန်ထမ်း ၁၀ ဦးအားလည်းကောင်း၊ ၇၆ နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲတွင် ပထမဆု၊ ဒုတိယဆုနှင့် တတိယဆု ရရှိခဲ့သူများအား ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့ပြီး အခမ်းအနားအစီအစဉ် ပထမပိုင်းကိုရုပ်သိမ်းခဲ့ပါသည်။

အခမ်းအနားအစီအစဉ် ဒုတိယပိုင်းကို ကော်မရှင်ရုံး (၃) ထပ်ဆောင်ရှေ့ လေဟာပြင်တွင် ဆက်လက်ကျင်းပရာ ဦးစွာ ကော်မရှင်ဥက္ကဋ္ဌက နှစ်သစ်ဆုမွန်စကားပြောကြားပါသည်။ ထို့နောက် ကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံးအရာထမ်း/အမှုထမ်းများ၏ နှစ်သစ်ကူး လက်ဆောင်များမဲနှိုက်လဲလှယ်ခြင်းနှင့် အထူးဆု (၆) ဆုတို့ကို မဲနှိုက်ရွေးချယ်ခဲ့ပြီး ဆုများအားပေးအပ်ချီးမြှင့်ခဲ့ပါသည်။ ထို့နောက် တက်ရောက်လာကြသူများအား စားသောက် ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံခဲ့ပြီး အခမ်းအနားကို ၁၇:၃၀ နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။

## ကော်မရှင်ရုံးညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း/ အမှုထမ်းများ တွေ့ဆုံဆွေးနွေးဖော်ထုတ်ပွဲ ကျင်းပပြုလုပ်ခြင်း

ဒီဇင်ဘာလ ၂၆ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၊ ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း/ အမှုထမ်းများ တွေ့ဆုံဆွေးနွေးဖော်ထုတ်ခြင်း အမှတ်စဉ် (၁၂/၂၀၂၄) အခမ်းအနားကို ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်နေ့ ၁၄:၀၀ နာရီအချိန် ကော်မရှင်ရုံး အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်ရာ ဦးစွာ ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်က အဖွင့်အမှာစကားပြောကြားပါသည်။

အစီအစဉ်အရ ကော်မရှင်ရုံး ဌာနတစ်ခုချင်းနှင့် ကော်မရှင်ရုံးခွဲများဖြစ်သော နေပြည်တော်၊ မန္တလေးနှင့် ပုသိမ်တို့ရှိ အရာထမ်း/ အမှုထမ်းများက ယင်းတို့၏ လိုအပ်ချက်များကို တင်ပြဆွေးနွေးခဲ့ကြပြီး ညွှန်ကြားရေးမှူးချုပ်က ဖြည့်စွက်ဆွေးနွေးခဲ့ပါသည်။ ထို့နောက် ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်က ကော်မရှင်ရုံး ဝန်ထမ်းများ၏ တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပါသည်။

ဝန်ထမ်းများ တွေ့ဆုံဆွေးနွေးဖော်ထုတ်ခြင်း အခမ်းအနားသို့ ကော်မရှင်ရုံး အရာထမ်း/အမှုထမ်း ၇၁ ဦး တက်ရောက်ခဲ့ကြပြီး အခမ်းအနားကို ၁၆:၁၅ နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။



## ကော်မရှင်ရုံးဝန်ထမ်းများအတွက် သက်သာချောင်ချိရေး အစီအစဉ်အဖြစ် ဆန်များရောင်းချပေးခြင်း

ဒီဇင်ဘာလ ၂၇ ရက်

ကော်မရှင်ရုံး ဝန်ထမ်းများအတွက် သက်သာချောင်ချိရေးအစီအစဉ်အဖြစ် ၂၇-၁၂-၂၀၂၄ ရက်နေ့တွင် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် (MRF) မှ ဆန်အိတ် ပေါ်ဆန်း (၃၄) အိတ် (၅ ပြည်ဝင် တစ်အိတ်လျှင် ၂၇၀၀၀ိ/- ကျပ်နှုန်း) ၊ ဧည့်မထ (၇၂) အိတ် (၅ ပြည်ဝင် တစ်အိတ်လျှင် ၁၆၀၀၀ိ/- ကျပ်နှုန်း) အား ဝယ်ယူ၍ ကော်မရှင်ရုံး ဝန်ထမ်းများအတွက် ရောင်းချပေးခဲ့ပါသည်။

# မှန်ကန်သည့် လူ့အခွင့်အရေးအခြေပြု ဆောင်ရွက်ချက်နည်းလမ်းများဖြင့် ငြိမ်းချမ်းသာယာသည့် အနာဂတ်ကို တည်ဆောက်နိုင်ကြပါစေ

ဒေါက်တာခိုင်ခိုင်ဝင်း

လူသားအားလုံးအတွက် အခြေခံလူ့အခွင့်အရေးများ၊ လွတ်လပ်ခွင့်များ ပါဝင်ထည့်သွင်းရေးဆွဲထားသည့် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း (Universal Declaration of Human Rights–UDHR) ကို ၁၉၄၈ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ကုလသမဂ္ဂအထွေထွေညီလာခံ၌ မဲခွဲဆုံးဖြတ်မှုရလဒ်ဖြင့် အတည်ပြုထုတ်ပြန်ခဲ့ပါသည်။

အဆိုပါ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း (UDHR) ကိုအတည်ပြုခဲ့သည့် ဒီဇင်ဘာလ ၁၀ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့ (International Human Rights Day) အဖြစ် သတ်မှတ်ခဲ့ကြပြီး ကမ္ဘာတစ်ဝန်းလုံးတွင် လူ့အခွင့်အရေးနေ့ အထိမ်းအမှတ် အခမ်းအနားများကို ပုံစံအမျိုးမျိုးဖြင့် ကျင်းပလာခဲ့ကြသည်မှာ ယခု ၂၀၂၄ ခုနှစ်တွင် (၇၆) နှစ် ပြည့်မြောက်ခဲ့ပြီ ဖြစ်ပါသည်။

**ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း**

အပိုဒ်ပေါင်း ၃၀ ပါဝင်သော ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းသည် ကြေညာစာတမ်းဖြစ်သည့်အတွက် ဥပဒေအရ စည်းနှောင်မှုမရှိသော်လည်း ကမ္ဘာ့နိုင်ငံများ၏ ဖွဲ့စည်းပုံအခြေခံ ဥပဒေများတွင် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းပါ အခွင့်အရေးစံသတ်မှတ်ချက်များကို ကိုးကားရေးဆွဲလေ့ရှိကြသလို လူ့အခွင့်အရေးစာချုပ်စာတမ်းများ ၆၀ ကျော်တွင်လည်း ကိုးကားထည့်သွင်းရေးဆွဲထားကြပြီး လူ့အခွင့်အရေးအတွက် လှုံ့ဆော်ပံ့ပိုးလျက်ရှိသည်လည်းဖြစ်ပါသည်။

လူ့အခွင့်အရေးနှင့်စပ်လျဉ်းပြီး စံထားရသည့် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းသည် ကမ္ဘာပေါ်တွင် ဘာသာပြန်ဆိုမှုအများဆုံးအဖြစ် စံချိန်တင်ထားသည့် ကြေညာစာတမ်းကြီးဖြစ်ပြီး ယနေ့အချိန်ထိ ဘာသာပြန်ဆိုမှုပေါင်း ၅၇၇ ဘာသာရှိနေပြီဖြစ်ကြောင်း ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး OHCHR website တွင် ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်အနေဖြင့် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းကို အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့ ၂၀၁၃ ခုနှစ်ကပင် ဘာသာပြန်ဆို၍ ယနေ့အချိန်အထိ တိုင်းရင်းသားဘာသာဖြင့် ဘာသာပြန်မှု စုစုပေါင်း ၃၀ ပြန်ဆိုခဲ့ပြီးသက်ဆိုင်ရာ တိုင်းရင်းသားအဖွဲ့အစည်းများသို့ ဖြန့်ဝေပေးပို့ခဲ့ပြီးဖြစ်သည်ဟု သိရှိရပါသည်။ ယင်းအပြင် သတင်းအချက်အလက်နှင့် လူ့အခွင့်အရေးပညာပေးခြင်းများသည် မသန်စွမ်းသူများအတွက်လည်း အကျုံးဝင်သည်ဖြစ်ရာ အမြင်အာရုံချို့တဲ့သူများအတွက် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်နှင့် ကြည့်မြင်တိုင်မျက်မမြင်ကျောင်းတို့ ပူးပေါင်းမှုဖြင့် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းကို Braille format ဖြင့် ထုတ်ပြန်ဖြန့်ဝေပြီးဖြစ်ပါသည်။

ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း ပေါ်ထွက်လာပြီး ၇၆ နှစ်ကြာမြင့်ခဲ့ပြီ ဖြစ်သည့်တိုင် လူ့အခွင့်အရေးနှင့် စပ်လျဉ်းပြီး မှန်ကန်စွာ သိရှိနားလည်ကျင့်သုံးနိုင်ရေးအတွက် လူ့အခွင့်အရေးအသိပညာပေးခြင်းအစီအစဉ်များကို ပုံစံမျိုးစုံဖြင့် ဆောင်ရွက်နေကြရဆဲ ဖြစ်ပါသည်။ အသိပညာပေးခြင်းများတွင် ကျား၊ မ မရွေး၊ လူတန်းစားမရွေး၊ ဘာသာမရွေး၊ အသားအရောင်မရွေး၊ သန်စွမ်းခြင်း ရှိ မရှိ မရွေး၊ အသက်အရွယ်မရွေး၊ ဆင်းရဲချမ်းသာမရွေး လူ့အခွင့်အရေးများ တန်းတူညီမျှခံစားရရှိနိုင်ရေး၊ လူ့အခွင့်အရေးများ ချိုးဖောက်မခံရရေး၊ လူ့အခွင့်အရေးများကို လေးစားတန်ဖိုးထားတတ်စေခြင်း၊ လူ့အခွင့်အရေးနှင့် တာဝန်ဆက်စပ်နေမှုနှင့် တာဝန်ရှိမှုတို့ကို သိရှိနိုင်ရေးတို့အတွက် လူ့အခွင့်အရေးအသိပညာပေး ဆောင်ရွက်ချက်များကို ကမ္ဘာ့နိုင်ငံများရှိလူ့အခွင့်အရေး ကော်မရှင်ကဲ့သို့သော အဖွဲ့အစည်းများ အပါအဝင် အစိုးရဌာနများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် လူ့အခွင့်အရေးအတွက် ဆောင်ရွက်လှုပ်ရှားသူများမှ ပုံစံအမျိုးမျိုးဖြင့် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နေကြဆဲ ဖြစ်ပါသည်။

ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီက ၂၀၂၄ ခုနှစ် အောက်တိုဘာလတွင် ကုလသမဂ္ဂအထွေထွေညီလာခံဆုံးဖြတ်ချက်အမှတ် (၅၇/၁၀) ဖြင့် “World program for Human Rights Education, Fifth Phase (2025–2029)” ကို ချမှတ်ခဲ့ပြီး အဓိက

နယ်ပယ်များအဖြစ် Digiatal Technologies and Gender Equality, Environment and Climate Change တို့ကို ရွေးချယ်ထားပါသည်။ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့တွင် အဆိုပါ "World Program for Human Rights Education, Fifth Phase (2025–2029)" ကို မိတ်ဆက်သွားမည်ဖြစ်ကြောင်း ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံးမှ ထုတ်ပြန်ထားသည်ကို တွေ့ရှိရပါသည်။

ရည်ရွယ်ချက်အားဖြင့် လူသားအားလုံးအတွက် လူ့အခွင့်အရေးသည် အရေးကြီးသည့်နေရာတွင် တည်ရှိနေပြီး လူ့အခွင့်အရေး အသိပညာပေးခြင်းများကို၂၀၂၅ခုနှစ်မှ ၂၀၂၉ ခုနှစ်အတွင်း လူငယ်လူရွယ်များက ဦးဆောင်ကာ ကျယ်ကျယ်ပြန့်ပြန့် ပိုမိုဆောင်ရွက်သွားကြရန် ဖြစ်ပါသည်။

**တည်ငြိမ်အေးချမ်းမှုကို ခြိမ်းခြောက်ခံနေရ**

လူ့အခွင့်အရေးဆိုသည် လူသားအားလုံးအတွက် အရေးကြီးသည်၊ နိုင်ငံအားလုံးအတွက် လူ့အခွင့်အရေးကို လေးစားရန်၊ ကာကွယ်ပေးရန်၊ ဖြည့်ဆည်းပေးရန် တာဝန်ရှိသည်ဟု (Respect၊ Protect၊ Fulfill) ဆိုထားခဲ့ပြီး စံထားရန်နှင့် ရည်ညွှန်းကိုးကားနိုင်ရန် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း ထုတ်ပြန်ပေးထားခြင်း၊ အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးသဘောတူစာချုပ်ကြီးများ ပြဋ္ဌာန်းပေးထားခြင်း၊ နိုင်ငံအားလုံး၏ လူ့အခွင့်အရေး အခြေအနေများကို ပုံမှန်သုံးသပ်သည့် လုပ်ငန်းစဉ် (Universal Periodic Review–UPR) ကဲ့သို့သော လူ့အခွင့်အရေးယန္တရားများ တည်ထောင်ပေးထားခြင်း အစရှိသည့် ဆောင်ရွက်ချက်များဖြင့် ဆောင်ရွက်နေသည့်တိုင် ယနေ့ကမ္ဘာကြီး၏အခြေအနေကို ကြည့်မည်ဆိုပါက ရင်မောစရာအခြေအနေများဖြင့် လူသားများ၏ လူ့အခွင့်အရေး အခြေအနေများ ထိပါးချိုး ဖောက်ခံရကာ ကမ္ဘာကြီး၏တည်ငြိမ်အေးချမ်းမှုကို ခြိမ်းခြောက်ခံနေရသည့် အခြေအနေဖြစ်သည်ကိုတွေ့ရှိနေရပါသည်။

Global Peace Index 2024 အစီရင်ခံစာအရ ယနေ့အချိန်ကာလသည် ဒုတိယကမ္ဘာစစ်ကြီးပြီးသည့် နောက်ပိုင်း ငြိမ်းချမ်းရေးနှင့် စပ်လျဉ်းပြီး ကမ္ဘာကြီးကို ခြိမ်းခြောက်မှု အရှိဆုံးကာလဖြစ်သည်ဟုဆိုထားသလို ၂၀၂၄ ခုနှစ်အတွင်း ထုတ်ပြန်ခဲ့သည့် Global Financial Stability Report 2024, Global Risks Report 2024 များအရ ကမ္ဘာကြီးသည် အဘက်ဘက်တွင် ရင်လေးစရာ အခြေအနေများနှင့် တည်ရှိနေပြီး ကမ္ဘာပေါ်ရှိ လူသားများ၏ မွေးရာပါ အခွင့်အရေးများကို ခြိမ်းခြောက်နေသည်လည်း ဖြစ်ပါသည်။

တည်ငြိမ်အေးချမ်းမှုမရှိဘဲ ပဋိပက္ခများ၊ စစ်မက်များ ဖြစ်ပွားနေခြင်းများသည် လူသားများ အေးချမ်းစွာ နေထိုင်ရှင်သန် ဖွံ့ဖြိုးရေးတို့အတွက် အကြီးမားဆုံး စိန်ခေါ်မှု၊ အတားအဆီးနှင့် ဟန့်တားပိတ်ပင်မှုများ ဖြစ်ပါသည်။ ငြိမ်းချမ်းရေးအတွက် အရေးကြီးသည့် လူ့အဖွဲ့အစည်းဝင် လူသားတစ်ဦးချင်းအတွက် အဓိကအကျဆုံး အသက်ရှင်သန်ခွင့်၊ လွတ်လပ်ခွင့်နှင့် လူပုဂ္ဂိုလ်လုံခြုံခွင့်စသည့် ငြိမ်းချမ်းရေးဆိုင်ရာအခွင့်အရေး Right to Peace ကို လူသားတိုင်းခွဲခြားမှုမရှိဘဲ ရရှိခံစားနိုင်ခွင့်ရှိကြောင်း ကမ္ဘာ့လူ့အခွင့်အရေးကြေညာ စာတမ်းတွင် အတိအလင်း ဖော်ပြထားရှိပါသည်။

**လူ့အခွင့်အရေးအပြည့်အဝခံစားခွင့်ရရှိရေး**

မှန်ကန်သည့် လူ့အခွင့်အရေး အခြေပြုနည်းလမ်းများဖြင့် လူ့အခွင့်အရေးမြှင့်တင်ခြင်းနှင့် ကာကွယ်ခြင်းသည် ငြိမ်းချမ်းရေးထူထောင်ခြင်းနှင့် ထိန်းသိမ်းခြင်းကို အထောက်အကူဖြစ်စေပြီး လူ့အခွင့်အရေးအပြည့်အဝခံစားခွင့် ရရှိရေးအတွက် တည်ငြိမ်အေးချမ်းမှုရှိရေးသည် မရှိမဖြစ် လိုအပ်သည့်အရာ ဖြစ်ပါသည်။

ငြိမ်းချမ်းရေးအတွက် လူ့အခွင့်အရေးသည် အရေးကြီးသည့် အခြေခံအုတ်မြစ်ဖြစ်သလို လူ့အခွင့်အရေးများ ခံစားရရှိဖို့ရာ ငြိမ်းချမ်းရေးသည် အရေးကြီးသည့်နေရာတွင် တည်ရှိပါသည်။ ယနေ့ဖြစ်ပေါ်နေသည့် ကမ္ဘာတစ်ဝန်းရှိ စစ်ရေးပဋိပက္ခများနှင့် အင်အားကြီးနိုင်ငံများ၏ ဝင်ရောက်ပါဝင်ဆက်နွှယ်နေမှုများသည် လူသားများ၏ လူ့အခွင့်အရေးခံစားရရှိမှုအပေါ် ခြိမ်းခြောက်ခံရမှုနှင့် အေးချမ်းတည်ငြိမ်စွာ နေထိုင်လိုသူများအတွက် များစွာ ရင်လေးစရာ ဖြစ်ပါသည်။

ယခုနှစ်အတွက် ကုလသမဂ္ဂက ထုတ်ပြန်ကြေညာသည့် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့ ဆောင်ပုဒ်မှာ "Our Rights, Our Future, Right Now" ဖြစ်ရာ လူသားတို့၏ အခွင့်အရေးများနှင့် အနာဂတ်ဆက်စပ်ပတ်သက်နေမှုကို မီးမောင်းထိုးပြထားပြီး ကမ္ဘာကြီး၏ အနာဂတ်သာယာလှပဖို့ရာ လူ့အခွင့်အရေး၏ စွမ်းအားကို ယုံကြည်လျက် မှန်မှန်ကန်ကန် အသုံးချဆောင်ရွက်သွားရန်နှင့် မှန်ကန်သည့် လူ့အခွင့်အရေး အခြေပြု ဆောင်ရွက်ချက် နည်းလမ်း

များဖြင့် အဖြေရှာသည့် နည်းလမ်းအသုံးပြုကာ နိုင်ငံများတွင် ငြိမ်းချမ်းသာယာသည့် အနာဂတ်ကို တည်ဆောက်နိုင်ကြပါစေကြောင်း ဆန္ဒပြုလျက် ဆောင်းပါးကို နိဂုံးချုပ်အပ်ပါသည်။ (၁၀-၁၂-၂၀၂၄ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာပါ ဆောင်းပါး)

## သက်ကြီးရွယ်အိုများနေ့ပိုင်းစောင့်ရှောက်ရေးဂေဟာတွင် သင်ခန်းစာသွားရောက်ပို့ချ

ဒီဇင်ဘာလ ၂ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ကော်မရှင်ဥပဒေပုဒ်မ ၂၂ (က) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အများပြည်သူ၏ လူ့အခွင့်အရေးအသိပညာ မြင့်မားလာစေရေးအတွက် သတင်းအချက်အလက်များ ဖြန့်ချိခြင်း၊ ပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးကောင်းခန့်ဇင်သည် လူမှုဝန်ထမ်းဦးစီးဌာန၊ သက်ကြီးရွယ်အိုများနေ့ပိုင်းစောင့်ရှောက်ရေးဂေဟာ (မရမ်းကုန်း) တွင် ဖွင့်လှစ်လျက်ရှိသည့် "သက်ကြီးရွယ်အိုများအတွက်ပြုစုစောင့်ရှောက်သူ (Caregiver) သင်တန်းအမှတ်စဉ် (၁၆)" သို့ ၂-၁၂-၂၀၂၄ ရက်နေ့၊ ၀၉:၀၀ နာရီ မှ ၁၂:၀၀ နာရီအချိန်ထိ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာများသွားရောက်ပို့ချခဲ့ပါသည်။ အဆိုပါသင်တန်းတွင် လူ့အခွင့်အရေးအခြေခံအယူအဆများအကြောင်း၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းအကြောင်း၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင် ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များအကြောင်းနှင့် သက်ကြီးပုဂ္ဂိုလ်များဆိုင်ရာအခွင့်အရေး တို့ကို ဆွေးနွေး ပို့ချခဲ့ပါသည်။ သင်တန်းတွင် စုစုပေါင်း သင်တန်းသားဦးရေ ၁၈ ဦး တက်ရောက်ခဲ့ကြပြီး တက်ရောက်လာသော သင်တန်းသားများမှ သိရှိလိုသည့် မေးခွန်းများကို မေးမြန်းကြရာ ပို့ချသူအရာရှိက ပြန်လည်ဖြေကြားခဲ့ပါသည်။



## ကော်မရှင်စာကြည့်တိုက်အတွက် (၃) လ လျှင် တစ်ကြိမ် စာအုပ်များ ဝယ်ယူဖြည့်တင်း လျက်ရှိရာ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလအတွင်း ဝယ်ယူသည့် စာအုပ်များ

| စဉ် | စာအုပ်အမည် | စာရေးသူ | အရေအတွက် |
|---|---|---|---|
| ၁။ | မြန်မာဝေလွှေ့ထုံးတမ်းဥပဒေ | ဦးမြစိန် (တရားလွှတ်တော်ရှေ့နေ) | ၁ အုပ် |
| ၂။ | ဥပဒေအသိပညာ | ဥပဒေရေးရာဝန်ကြီးဌာန | ၁ အုပ် |
| ၃။ | ပစ္စည်းခွဲဝေပေးစေလိုမှုနှင့် အမွေဆက်ခံခြင်းဆိုင်ရာ မှုခင်းများ | ဒေါ်စိုးခက်ခက် | ၁ အုပ် |
| ၄။ | လူ | ဇန်းမော်တင်အောင် | ၁ အုပ် |
| ၅။ | သင့်အတွက် ငါးစက္ကန့် | ဂျွန် (မြန်မာပြန်) | ၁ အုပ် |
| ၆။ | ကျေနပ်စွာနေထိုင်ခြင်း | သားထွေး | ၁ အုပ် |
| ၇။ | ဥပဒေစိုးမိုးခြင်းနှင့် အုပ်ချုပ်ရေးအလုပ် | ဦးကျော်မြင့် | ၂ အုပ် |
| ၈။ | A modern History of Myanmar (1752-1948) | THAN TUN M.A., B.L., Ph.D.,D.Lit (London) | ၁ အုပ် |
| ၉။ | Guide to Bagan Monuments | MINBU Aung Kyaing | ၁ အုပ် |
| ၁၀။ | You & Your Problems | Dr.K SriDhammananda | ၁ အုပ် |
| | | စုစုပေါင်း | ၁၁ အုပ် |

## တိုင်တန်းချက်များစိစစ်ဆောင်ရွက်ခြင်း

လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဌာနသည် ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလအတွင်း တိုင်တန်းချက် (၁၃) စောင်၊ နိုဝင်ဘာလတိုင်တန်းချက် လက်ကျန် (၁) စောင်၊ စုစုပေါင်း တိုင်တန်းချက် (၁၄) စောင် စိစစ်ဆောင်ရွက်ခဲ့ပါသည်။ တိုင်တန်းချက်များကို ကော်မရှင်စုံစမ်း စစ်ဆေးရေးအဖွဲ့အစည်းအဝေး (၃) ကြိမ်ကျင်းပပြုလုပ်၍ စိစစ်ခဲ့ရာ တိုင်တန်းချက် (၁) စောင်ကို လိုအပ်သလို စိစစ်ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနသို့လည်းကောင်း၊ တိုင်တန်းချက် (၁) စောင်ကို ကာယကံရှင်ထံသို့လည်းကောင်း အကြံပြုပြန်ကြားခဲ့ပြီး တိုင်တန်းချက် (၁၀) စောင်ကို ကော်မရှင်ဥပဒေပုဒ်မ ၃၂ (ခ) အရလည်းကောင်း၊ ကော်မရှင်ဥပဒေပုဒ်မ ၃၂ (ဂ) အရလည်းကောင်း၊ ကော်မရှင်ဥပဒေပုဒ်မ ၃၇ (က) အရလည်းကောင်း၊ တိုင်စာအင်္ဂါရပ်နှင့်မညီ၍လည်းကောင်း၊ ယခင် ဆောင်ရွက်ပြီးဖြစ်၍လည်းကောင်း မှတ်တမ်းထားရှိခဲ့ပါသည်။ ဒီဇင်ဘာလတွင် တိုင်တန်းချက် လက်ကျန် (၂) စောင် ကျန်ရှိပါသည်။

*****

# ENGLISH SECTION

Vol.4, No.1 JANUARY 2025

## Myanmar National Human Rights Commission Statement No. (11/2024)

December 3

1. Out of the World's 8 billion people, more than 1 billion are persons with disabilities. To better understand the role of persons with disabilities and to protect and promote their rights, the United Nations General Assembly adopted the fundamental rights of persons with disabilities through resolution 47/3 at the 47th session of the United Nations General Assembly in 1992 and designated December 3 as the International Day of Persons with Disabilities.

2. In 2006, the United Nations adopted the Convention on the Rights of Persons with Disabilities (CRPD) to further safeguard the rights of persons with disabilities. The Convention has been signed by over 190 countries. Myanmar has acceded to the Convention in 2011. Additionally, to enhance the realization and protection of the rights of persons with disabilities in the country, the Rights of Persons with Disabilities Law was enacted in 2015, followed by its rules in 2017. Furthermore, the National Committee on the Rights of Persons with Disabilities has been established, and a five–year strategic plan on the rights of persons with disabilities (2022–2027) was developed and is being implemented.

3. As the number of persons with disabilities increases worldwide, by reforming attitudes towards them and reducing physical barriers will enable them to participate in various sectors and live independently, enjoy further developments just like others. This year, the United Nations has chosen the theme for the International Day of Persons with Disabilities as "Amplifying the leadership of persons with disabilities for an inclusive and sustainable future."

4. In honor of the 32nd International Day of Persons with Disabilities, which falls on December 3, we urge that persons with disabilities be enable to participate in the leading role in implementing the 2030 Sustainable Development Goals in line with this year's theme.

**Myanmar National Human Rights Commission**

## Myanmar National Human Rights Commission Statement No. (12/2024)

December 10

1. The Universal Declaration of Human Rights, which outlines human rights and fundamental freedoms for all human beings, was adopted by the United Nations on 10 December 1948. Today marks the 76th anniversary of that declaration, celebrated as International Human Rights Day.

2. Since the adoption of the Universal Declaration of Human Rights, countries around the world have made efforts to promote and protect human rights and fundamental freedoms of their citizens. Myanmar, not only supported the adoption of the Declaration but also incorporated the human

rights standards from the Declaration into the State Constitution and domestic laws. Additionally, Myanmar is a party to several core international human rights treaties, including the International Covenant on Economic, Social and Cultural Rights, the Convention on the Rights of the Child and its two optional protocols, the Convention on the Elimination of All Forms of Discrimination Against Women, and the Convention on the Rights of Persons with Disabilities.

3. In 2024, the Myanmar National Human Rights Commission (MNHRC) carried out activities to promote and protect human rights in accordance with its legal mandate. The Commission successfully organized 63 human rights awareness talks and lectures, reaching a total of 8,391 participants. It also screened 214 complaints related to human rights violations. Inspection visits were conducted at 10 prisons, 12 labor camps, 18 police detention centers, 15 court detention centers, 10 homes for the aged, 3 women's vocational training schools, 1 school for children with disabilities, and 5 youth training schools. Following these inspections, the Commission sent 293 recommendations regarding human rights protection to the relevant ministries and organizations. Additionally, the MNHRC provided six legal opinions on human rights issues related to existing and proposed domestic laws. It also translated and published the Convention on the Elimination of All Forms of Discrimination Against Women (CEDAW) and the Convention on the Rights of Persons with Disabilities (CRPD). The Commission participated in 28 international and regional meetings on human rights. Moreover, the Commission also issued 12 public statements and released 103 news items about its activities.

4. The theme laid down by the United Nations for the 76th International Human Rights Day in 2024 is **"Our Rights, Our Future, Right Now."**

5. In honor of the International Human Rights Day, the Myanmar National Human Rights Commission urges everyone to create a brighter future for all by respecting and practicing human rights while building a peaceful, stable, socioeconomically developed, pleasant and prosperous nation where the rule of law prevails.

**Myanmar National Human Rights Commission**

## MNHRC Gives Human Rights Lecture at Civil Service Academy (Lower Myanmar)

December 11

As part of the Commission's promotion of Human Rights awareness raising under Section (22) of the Myanmar National Human Rights Commission Law, Dr. Khine Khine Win, the Deputy Director–General of the Commission office, gave the lecture on Child Rights at the Special Refresher Course for Basic Education Teachers No. (108) held at the Civil Service Academy (Lower Myanmar) on 11 December 2024 from 08:00 to 11:20. The lecturer was followed by the question and answer section. A total of 394 teachers from the Department of Basic Education (DBE) attended the course mentioned above.

## MNHRC Gives Human Rights Lecture at Investigation Training School (Taungoo) of Bureau of Special Investigation

December 17

By Section 22 (a) of the Myanmar National Human Rights Commission Law, the Commission is preparing to raise public awareness of human rights by disseminating information and educating the public as much as possible. Daw Mi Mi Khaing, the Deputy Director of the Commission office, addressed the lecture on human rights at Capacity Building Course for Investigator (No.9) hosted by the Investigation Training School (Taungoo) of Bureau of Special Investigation on 17 December 2024 from 13:00 to 15:50. In this context, the Deputy Director presented the lecture on Human Rights Norms. Following the lectures, the lecturer accepted the questions from the trainees. A total of 20 officers attended the aforementioned course.

## MNHRC Gives Human Rights Lecture at Myanmar Army Combat Force School (Bahtoo)

December 18

As part of the Commission's promotion of human rights awareness raising under Section 22 (a) of the Myanmar National Human Rights Commission Law, Dr. Than Myint, the Commissioner and U Zaw Lwin Htoo, the Director of the Commission office, gave lectures on human rights at the Battalion Commander Training Course No.(122, 123) and the Company Commander Training Course No.(226) which commenced at the Myanmar Army Combat Force School (Bahtoo) on 18 December 2024 from 12:00 to 15:00 via Video Conferencing System. In this regard, Dr. Than Myint presented the lectures on Concept of Human Rights, U Zaw Lwin Htoo focused on the lectures on Universal Declaration of Human Rights, Nine Core Conventions and the Organization and Functions of Myanmar National Human Rights Commission. A total of 209 army officers attended the courses mentioned above; 120 army officers on the Battalion Commander Training Course on No. (122, 123) and 89 army officers on the Company Commander Training Course No, (226).

## The Myanmar National Human Rights Commission inspects Vocational Training Center for Women (Yangon)

December 19

On December 19, 2024, the inspection team, led by U Kyaw Soe and U Than Win, Commissioners of the Myanmar National Human Rights Commission (MNHRC) inspected Vocational Training Center for Women (Yangon) in Bahan Township, Yangon Region, in accordance with Sections 43 and 44 of the Commission Law.

During the inspection, the team inspected the conditions for women accommodated and trained at the facility. This included assessing healthcare services, food supply and nutrition, living conditions in dormitories, access to adequate personal hygiene items, availability of clean drinking water, and the cleanliness and adequacy of bathing ponds. The team also reviewed efforts to enhance the women's mental and physical well-being through programs focused on chatacter development. Furthermore, they examined the women's access to fundamental

rights, such as maintaining contact with their families, opportunities for family reunification, safety and livelihood security, vocational and educational opportunities, and freedom of religion and belief. The team additionally assessed the progress made in implementing recommendations from the Commission's previous inspection visits.

MNHRC will inform its findings and recommendations to the relevant department in accordance with the MNHRC law for necessary actions.

## MNHRC Gives Human Rights Lecture at Myanmar Army Combat Force School (Bayintnaung)

December 19

Under Section 22 (a) of the Myanmar National Human Rights Commission Law, the Commission actively promotes public awareness of human rights. Dr. Myint Thu Myaing, the Commissioner and Daw Mi Mi Khaing, the Deputy Director of the Commission office, gave lectures on human rights at the Company Commander Training Course No (105, 106) hosted by the Myanmar Army Combat Force School (Bayintnaung) on 19 December 2024 from 08:00 to 11:00 via Video Conferencing System. In this context, Dr. Myint Thu Myaing focused on the lecture on Concept of Human Rights, Deputy Director Daw Mi Mi Khaing covered subjects such as Universal Declaration of Human Rights and the Organization and Functions of Myanmar National Human Rights Commission. A total of 162 army officers attended the the aforementioned courses.

## MNHRC Gives Human Rights Lecture at Elderly Daycare Center

December 2

Myanmar National Human Rights Commission is gearing up to promote public awareness of human rights through the provision of information and education under Section 22 (a) of the Myanmar National Human Rights Commission Law.

U Kaung Khant Zin, the Assistant Director of the Commission office, gave the lectures on human rights at the "Caregiver for Elders Course (No.16)" which commenced at the Elderly Daycare Center (Mayangone) on 2 December 2024 from 09:00 to 12:00. In this regard, the Assistant Director focused on the lectures on the Human Rights Concept, Universal Declaration of Human Rights, Organization and Functions of Myanmar National Human Rights Commission, and Older Persons Rights. The lecturer responded to inquiries from the trainees. A total of 18 trainees attended the aforementioned course.

## Status of Handling Complaints

For the January 2025, MNHRC received Complaints 13 complaints and 1 complaint remaining in November on the violations addressed to the Commission. The complaint investigation team held complaint screening meetings for examining the total of 14 complaints. 1 case was referred to the relevant departments and in 1 case, the complainants were advised on more appropriate remedies. The 10 cases which were not in line with the criteria of complaints under MNHRC Law were put on record systematically. 2 letters of complaint remain in December.

*****

# ဆက်သွယ်ရန် လိပ်စာများ




အမှတ် (၂၇)၊ ဖ မိုင်ခွဲ၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၁၆၅၄၆၇၀

Website: https://mnhrc.org.mm

**နေပြည်တော် (ရုံးခွဲ)**
သဇင်လမ်းနှင့်ဇော်ဂျီ
လမ်းထောင့်၊ ရွှေကြာပင်
ရပ်ကွက်၊ ဇဗ္ဗူသီရိမြို့နယ်။
ဖုန်း- ၀၆၇၃၄၃၂၅၉၅

**မန္တလေး(ရုံးခွဲ)**
ကမ်းနားလမ်း၊ ၃၄ လမ်းနှင့်
၃၅ လမ်းကြား၊ ဒေးဝန်း
အနောက်ရပ်ကွက်၊ ချမ်းအေး
သာဇံမြို့နယ်၊ မန္တလေးမြို့။
ဖုန်း- ၀၉၅၃၄၃၆၅၀

**စစ်တွေ (ရုံးခွဲ)**
ရခိုင်ပြည်နယ် အထွေထွေ
အုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်နယ်
ရုံး၊ စစ်တွေမြို့။
ဖုန်း- ၀၉၄၂၅၈၆၀၀၀၈

**ပုသိမ် (ရုံးခွဲ)**
အမှတ် (၁၃) ရပ်ကွက်၊
မဟာစေတီလမ်းမကြီး၊
မြို့နယ်စုပေါင်းရုံး၊ ပုသိမ်မြို့။
ဖုန်း- ၀၄၂၂၉၃၂၇

e-Government ဌာနမှ တာဝန်ယူ ထုတ်ဝေပါသည်။
e-government@mnhrc.org.mm